# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၂၅ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၉ - ၁၀ - ၂၀၁၄ ]
# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၅ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဗိုလ်မှူးသန်းထွန်းမြင့်၊ တပ်မတော်သား ကိုယ်စားလှယ်၏ **အဆင့်မြင့် စက်သုံးဆီထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်၍ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်သား ကိုယ်စားလှယ်၏ **ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ငွေတိုက်ခွဲတစ်ခု ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **နိုင်ငံအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် နားနေဆောင်များ ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့်အနီးဆုံး ဖြစ်သည့် ကျိန်စန်းကျော့၊ မြန်မာ-တရုတ်နယ်စပ် ဂိတ်အား တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ဆောလျင်စွာ ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **နိုင်ငံတကာ အဆင့်မီ မူဆယ်မြို့ပြစီးပွားရေး စီမံကိန်းအထူးစမ်းသပ်ဇုန် တည်ဆောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ဇုန်ဖြစ်မြောက်ရေးကော်မရှင် ဖွဲ့စည်း၍ ဆောင်ရွက်သွားရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း။

၇။ ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၅ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၂၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။